ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

**ညွှန်ကြားချက်အမှတ် (၁၃ /၂၀၂၁)**

အကြောင်းအရာ။ **ဘဏ်များမှမြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် ယာယီပြင်ဆင်လျှော့ချသတ်မှတ်သည့်ကာလတိုးမြှင့်ခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၇.၅.၂၀၂၁) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၆/၂၀၂၁)

၁။ မြန်မာနိုင်ငံတော်ဗဟိုသည် ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်ဖြစ်ပေါ်လျက်ရှိသောအခြေအနေများအရ ဘဏ်များ၏ငွေကြေးလွယ်ကူမှုကို အထောက်အကူဖြစ်စေရန်အတွက် ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို ဘဏ်များမှအပဆက်သွယ်သူများ၏ အပ်နှံငွေစုစုပေါင်း၏ ၃ရာခိုင်နှုန်းသို့ယာယီပြင်ဆင်လျှော့ချခြင်းအားရည်ညွှန်းချက်ပါညွှန်ကြားချက်ဖြင့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီး၊ ပြင်ဆင်လျှော့ချမှုကာလသည်(၂၈.၄.၂၀၂၁ - ၂၅.၅.၂၀၂၁)မှ (၁၅.၉.၂၀၂၁ - ၁၂.၁၀.၂၀၂၁) အထိ ဖြစ်ပါသည်။

၂။ လက်ရှိဘဏ်များ၏ငွေကြေးလိုအပ်မှုအခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို ပိုမိုအထောက်အကူဖြစ်စေရန်အတွက် ညွှန်ကြားချက်အမှတ် (၆/၂၀၂၁) ပါ ယာယီပြင်ဆင်သတ်မှတ်ခဲ့သည့်ကာလအား နောက်ထပ် (၆) လ ထိန်းသိမ်းမှုကာလ (၁၃.၁၀.၂၀၂၁ - ၉.၁၁.၂၀၂၁) မှ (၂.၃.၂၀၂၂ - ၂၉.၃.၂၀၂၂) အထိ တိုးမြှင့်သတ်မှတ်လိုက်သည်။

၃။ ဘဏ်များအနေဖြင့် ထိန်းသိမ်းမှုကာလနောက်ဆုံးရက်တွင် မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုး ၃ ရာခိုင်နှုန်းပြည့်မီမှုမရှိကြောင်းတွေ့ရှိရပါကအဆိုပါဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်များဖြစ်သည့် ဘဏ်၏ Digital Payment ဆောင်ရွက်မှုအခြေအနေ၊ CBM-Net အသုံးပြု၍လွှဲပြောင်းမှုများဆောင်ရွက်မှုအခြေအနေ၊ Cheque Clearing ဆောင်ရွက်မှုအခြေအနေ၊ ဘဏ်အချင်းချင်းဈေးကွက်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်လေလံပါဝင်ဆောင်ရွက်မှုအခြေအနေနှင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသောမူဝါဒများတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေတို့အပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၏ (၂၉.၉.၂၀၁၆) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် (၁၂/၂၀၁၆) ပါ ဒဏ်ကြေး သတ်မှတ်ချက်အား လျော့ပေါ့စဉ်းစားပေးသွားမည်ဖြစ်သည်။

(ပုံ) xxxxxxxx

ဥက္ကဋ္ဌ (ကိုယ်စား)

(သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ)

ဖြန့်ဝေခြင်း

ဘဏ်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးလက်ခံ/မျှောစာတွဲ